ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန

# စိုက်ခင်းပြုစုထိန်းသိမ်းခြင်း (ပင်ပူးခွာကိုင်းချိုင် ခြင်း) ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ



၂၀၁၆ ခုနှစ်၊ မတ်လ

STANDARD OPERATING PROCEDURE(SOP) for Pruning and Clearing Operation

# စိုက်ခင်းပြုစုထိန်းသိမ်းခြင်း(ပင်ပူးခွာကိုင်းချိုင်ခြင်း)လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure On Prunning and Clearing Operation)

**ပင်ပူးခွာကိုင်းချိုင်လုပ်ငန်း။** ။စီးပွားရေး ကျွန်းစိုက်ခင်းများအား စတုတ္ထနှစ် နောက်ဆုံးပေါင်းတစ်ကြိမ်ခုတ်ပြီးနောက် စိုက်ခင်းသက် (၅)နှစ်မှ ပထမအကြိမ် ပင်ကျဲပ်နုတ်ခြင်းဆောင်ရွက်သည့် စိုက်ခင်းသက်တမ်း (၇)နှစ်မှ (၁၀)နှစ်ရောက်သည်အထိ စိုက်ခင်းဟောင်းများအား လစ်လျူရှုထားသကဲ့သို့ဖြစ်ပြီး ဝါးနှင့်အောက်ပေါင်းများထူထပ်ခြင်း၊ ကိုင်းတက်နှင့် ပင်ပူးပင်ခွ များပြားခြင်း၊ စိုက်ခင်းများ ကျူးကျော်ဖျက်ဆီးခံရခြင်း စသည့်ဆိုးကျိုးများအား ကျော်လွှားနိုင်ရေး၊ စီးပွားရေးစိုက်ခင်းများ ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် ရည်ရွယ်ပြီး စိုက်ခင်းသက်တမ်း (၅)နှစ်မြောက်သည့်နှစ်မှ ပင်ကျဲပ်နုတ်ရန်အရွယ်မရောက်သေးသည့် စိုက်ခင်းများကို အောက်ကိုင်းချိုင်၊ ပင်ပူးခွာရှင်းလင်းခြင်း (Prunning to Clearing) လုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-



## လုပ်ငန်းစဉ်(၁)။ ဆောင်ရွက်ရမည့် စိုက်ခင်းများရွေးချယ်ခြင်း

(က) မြို့နယ်နှင့် ခရိုင်အရာရှိများသည် မိမိနယ်မြေအတွင်းရှိ စိုက်ခင်းစာရင်းမှ စိုက်ခင်းအသက် (၅)နှစ်အထက်ရှိသော စီးပွားရေးစိုက်ခင်းအားလုံးကို သက်တမ်းအလိုက် စာရင်းပြုစုရပါမည်။



(ခ) စာရင်းအရ စိုက်ခင်းအသက် (၅)နှစ်ကျော်သော စိုက်ခင်း အားလုံးကို ကွင်းဆင်း စစ်ဆေး၍ စိုက်ခင်း၏ ရှင်သန် ကြီးထွားမှု အခြေအနေ၊ ရွက်အုပ် ထိစပ်ခြင်း ရှိ/ မရှိ၊ အောက်ပေါင်း ပေါက်ရောက်မှု၊ မြေတိုက်စားမှု ရှိ/ မရှိ ပင်ကျပ်နှုတ်လုပ်ငန်း ဆောင်ရွက်ရန် သင့်/ မသင့်၊ ပင်ပူးခွာကိုင်းချိုင်လုပ်ငန်း ဆောင်ရွက်ပေးရန် လို/ မလို စိစစ်ပြီး ပင်ပူးခွာကိုင်းချိုင် လုပ်ငန်းဆောင်ရွက်လိုသော ဦးစားပေးအဆင့် အလိုက် စာရင်းပြုစုရမည်။

(ဃ) ပြုစုထားသော ပင်ပူးခွာကိုင်းချိုင် လုပ်ငန်းဆောင်ရွက်လိုသော ဦးစားပေးအဆင့် အလိုက်စာရင်းကို ခရိုင်သစ်တောဦးစီးဌာနသို့တင်ပြပြီး လက်ထောက်ညွှန်ကြားရေးမှူးကိုယ်တိုင် ကွင်းဆင်းစစ်ဆေး၍ အတည်ပြုရွေးချယ်ပေးရမည်။

## လုပ်ငန်းစဉ်(၂)။ ဆောင်ရွက်ရမည့် ဝန်ထမ်းများအားတာဝန်ပေးစုဖွဲ့ခြင်း

(က) လုပ်ငန်းကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အနိမ့်ဆုံး ပြင်ဦးလွင် သစ်တောကျောင်းဆင်း တောအုပ်အဆင့်နှင့်အထက်ရှိသော သစ်တောဝန်ထမ်းတစ်ဦးဦးအား ပင်ပူးခွာကိုင်းချိုင် လုပ်ငန်းတာဝန်ခံအဖြစ် တာဝန်ပေးအပ်၍၊ သတ်မှတ်ထားသော စည်းကမ်းများကို မပျက်မကွက် လိုက်နာဆောင်ရွက်စေရမည်ဖြစ်ပါသည်။



(ခ) ဝန်ထမ်းအင်အားကို လုံလောက်စွာ စုဖွဲ့ပေးရမည်။ မြို့နယ်အတွင်း ဝန်ထမ်းအင်အား လုံလောက်ခြင်း မရှိပါက ခရိုင်အတွင်းရှိ ဝန်ထမ်းအင်အားဖြင့် ခရိုင်သစ်တောဦးစီးဌာန၊လက်ထောက်ညွှန်ကြားရေးမှူးမှ စုဖွဲ့ပေးရမည်။

## လုပ်ငန်းစဉ်(၃)။ ပင်ပူးခွာ ကိုင်းချိုင်လုပ်ငန်း ဆောင်ရွက်ခြင်းမပြုမီ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများ

(က) ပင်ပူးခွာကိုင်းချိုင် လုပ်ငန်းဆောင်ရွက်ရန် ရွေးချယ်ထားသည့် စိုက်ခင်းကို ဧရိယာပြည့်/ မပြည့်နှင့် နယ်နိမိတ် မှန်ကန်မှု ရှိစေရေး နယ်နိမိတ်တစ်လျှောက် ကွင်းနင်းစစ်ဆေး၍ နယ်နိမိတ်များကို မှတ်သားဆောင်ရွက်ရမည်။

(ခ) ယခင်ရေးသွင်းခဲ့သော စိုက်ခင်းမှတ်တမ်းများနှင့် မြေပုံတို့အရ ပင်ပူးခွာကိုင်းချိုင်လုပ်ငန်းဆောင်ရွက်မည့် စိုက်ခင်း၏ (၄)လက်မ တစ်မိုင် မြေပုံကို ကြိုတင်ပြုစု ရေးဆွဲထားရမည်။



(ဂ) ပင်ပူးခွာ ကိုင်းချိုင် လုပ်ငန်း မဆောင်ရွက်မီ ဖွဲ့စည်းထားသော ပင်ပူးခွာ ကိုင်းချိုင်လုပ်ငန်း ဝန်ထမ်းအဖွဲ့အား ခရိုင်သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးကိုယ်တိုင် သတ်မှတ်ထားသော ပင်ပူးခွာကိုင်းချိုင် လုပ်ငန်းနည်းစနစ်နှင့်အညီ အောက်ပါအတိုင်း နမူနာပြ ခုတ်လှဲဆောင်ရွက် သင်ကြားပြသပေးရမည်-

(၁) စိုက်ခင်းအတွင်း တစ်ဧကနမူနာကွက်တစ်ကွက်တိုင်းတာ ရွေးချယ်ရန်၊

(၂) နမူနာကွက်အတွင်း အမြင့်ဆုံးအပင်ကို ရွေးချယ်ရန်၊





## လုပ်ငန်းစဉ်(၄)။ လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းကမ်းများ

(က) အောက်ကိုင်းချိုင်၊ ပင်ပူးခွာ ရှင်းလင်းခြင်း (Prunning to Clearing) လုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၁) ပန္နက်အကွာအဝေးကြောင့်လည်းကောင်း၊ မျိုးရိုးညံ့ဖျင်းသော သစ်စေ့များကြောင့်လည်းကောင်း ဖြစ်ပေါ်လာသော အောက်ကိုင်းတက်များအား ကိုင်းဖြတ်လွှဖြင့် စနစ်တကျ ကိုင်းချိုင်းခြင်း ဆောင်ရွက်ရမည်။

(၂) အပင်အောက်ခြေမှ ပင်ပူးများအား ပန္နက်အကွာအဝေး မှန်ကန်စေရန် ခုတ်လှဲပြီး ကြီးထွားသန်မာသည့် အပင်တစ်ပင်သာ ချန်ထားရမည်။

(၃) စိုက်ခင်းအတွင်းရှိ ဝါး၊ နွယ်နှင့် ပေါင်းကြမ်းများအား ရှင်းလင်းရမည်။









## လုပ်ငန်းစဉ်(၅)။ လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံတင်ပြခြင်း

(က) အောက်ကိုင်းချိုင်၊ ပင်ပူးခွာ ရှင်းလင်းခြင်း (Prunning to Clearing) လုပ်ငန်းဆောင်ရွက်ပြီးစီးပါက အောက်ပါအတိုင်း အစီရင်ခံစာကို ရေးသား၍ မတ်လ(၃၁) ရက်နေ့အရောက် ဦးစီးရုံးချုပ်သို့ တင်ပြအစီရင်ခံရမည် ဖြစ်ပါသည်-

(၁) ဆောင်ရွက်သည့်လုပ်ငန်း

(၂) ကြိုးဝိုင်း(အကွက်)/ကြိုးပြင်ကာကွယ်တော

(၃) စိုက်ခင်းအမှတ်

(၄) စိုက်ပျိုးခဲ့သောခုနှစ်

(၅) စိုက်ပျိုးခဲ့သည့် ဧရိယာ(ဧက)

(၆) ပင်ပူးခွာ ကိုင်းချိုင်လုပ်ငန်းဆောင်ရွက်ခဲ့သည့် ဧရိယာ(ဧက)

(၇) ဆောင်ရွက်ခဲ့သောကာလ

(၈) တာဝန်ခံဝန်ထမ်းနှင့်ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်း

(၉) အသုံးပြုခဲ့သည့် လုပ်သားဦးရေ

(၁၀) သုံးစွဲခဲ့သည့် ရန်ပုံငွေ

(၁၁) စိုက်ခင်း၏ လက်ရှိရှင်သန်မှု ရာခိုင်နှုန်း

(၁၂) စိုက်ပင်များ၏ ကြီးထွားနှုန်း(MAI ဖော်ပြပေးရန်)

(၁၃) စိုက်ခင်းတည်နေရာပြမြေပုံ( တစ်လက်မတစ်မိုင်)

(၁၄) စိုက်ခင်း၏ ကောင်းသင့်ည့် အခြေပြမြေပုံ( ၄ လက်မ တစ်မိုင်)

(၁၅) မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီးနှိုင်းယှဉ်ဓါတ်ပုံ(၈)ပုံ





## ပင်ပုံဖွာကိုင်းချိုင်လုပ်ငန်း

စီးပွားရေးကျွန်းစိုက်ခင်းများအား စတုတ္ထနှစ် နောက်ဆုံးပေါင်းတစ်ကြိမ်ခုတ်ပြီး နောက် စိုက်ခင်းသက် (၅)နှစ်မှ ပထမအကြိမ် ပင်ကျဲနှုတ်ခြင်း ဆောင်ရွက်သည့် စိုက်ခင်းသက်တမ်း(၇)နှစ်မှ (၁၀)နှစ်ရောက်သည့်အထိ စိုက်ခင်းဟောင်းများအား လစ်လျူရှုထားသကဲ့သို့ဖြစ်ပြီး ဝါးနှင့် အောက်ပေါင်းများ ထူထပ်ခြင်း၊ ကိုင်းတက်နှင့် ပင်ပုံပင်ခွများပြားခြင်း၊ စိုက်ခင်းများ ကျူးကျော်ဖျက်ဆီးခံရခြင်း စသည့် ဆိုးကျိုးများ အား ကျော်လွှားနိုင်ရေး၊ စီးပွားရေးစိုက်ခင်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေး အတွက် ရည်ရွယ်ပြီး စိုက်ခင်းသက်တမ်း(၅)နှစ်မြောက်သည့်နှစ်မှ ပင်ကျဲနှုတ်ရန် အရွယ်မရောက်သေးသည့် စိုက်ခင်းများကို အောက်ကိုင်းချိုင်၊ ပင်ပုံဖွာရှင်းလင်းခြင်း (Pruning and Clearing) လုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

Technical Document - 9